နောက်ဆက်တွဲ (က)

**South– East Asia Crude Oil Pipeline Co.,Ltd မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူပင်လယ်အော်၊ မဒေးကျွန်းအလယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေလှောင်တမံစီမံကိန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ South–East Asia Crude Oil Pipeline Co.,Ltd မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူပင်လယ်အော်၊ မဒေးကျွန်းအလယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေလှောင်တမံစီမံကိန်း အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၏ ၃၀-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ထုတ်လုပ်/ ၀၃(၃၇၆)၂၀၂၃ အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Han Jianqiang၊ President၊ South–East Asia Crude Oil Pipeline Co.,Ltd၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ၃၆၃/၄ မိုင်အနီး၊ သရက်တန်းကျေးရွာ၊ ဥယျာဉ်တော်မြို့၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ၀၆၇-၄၁၁၀၅၅၊ ၀၆၇-၄၁၁၀၅၆ ဖြစ်ပါသည်။

၃။ **စီမံကိန်း၏အစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်း၏ ရေလှောင်တမံသည် အမြင့်(၁၀)မီတာ၊ အနံ(၅)မီတာနှင့် အလျား(၂၄၀)မီတာရှိပြီး ညီညာသော မြေသားကျောက်ဆည်တစ်ခု တည်ဆောက်ခြင်း၊ ၎င်းသည် ဆိပ်ခံတံတားနှင့် ပစ္စည်းအတင်အချဆိပ်ကမ်း၏ အနောက်ဘက်(၁)ကီလိုမီတာခန့် အကွာတွင် တည်ရှိခြင်း၊ တမံ၏ အတွင်းပိုင်းဆင်ခြေလျှော(Upstream Slope)သည် ၁:၂.၅ နှင့် အပြင်ပိုင်းဆင်ခြေလျှော (Downstream Slope) ၁:၂ အသီးသီးရှိခြင်း၊ ရေလှောင်တမံ၏ ထိပ်ပိုင်းမှာ သတ်မှတ်ရေမျက်နှာပြင်ထက် (၂.၅)မီတာ အမြင့်ရှိခြင်းနှင့် အဆိုပြုစီမံကိန်းတွင် 150m$^3$/h ပြင်းအား ရှိသော ရေစုပ်စခန်းတစ်ခုနှင့် သွပ်ရည်စိမ်စတီး(လ်)ပိုက်(DN200)ဖြင့် ပြုလုပ်ထားသည့် ပိုက်လိုင်းများ အပြင် ရေပို့လွှဲလမ်းကြောင်း တစ်ခုလည်း ပါဝင်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့်စက်ပစ္စည်းများ။** ကုန်ကြမ်းပစ္စည်းများအသုံးပြုမှုအနေဖြင့် အထွေထွေ သုံးရေအဖြစ် တစ်နေ့လျှင် (၆၀)လီတာခန့် အသုံးပြုမည် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားအသုံးပြုမှု အနေဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ 250 KVA ထရန်စဖော်မာဖြင့် အဓိက သွယ်တန်းအသုံးပြုမည်ဖြစ်ပြီး အရန်မီးစက်အနေဖြင့် 136 kW ဂျင်နရေတာအား အသုံးပြုသွားမည် ဖြစ်ပါသည်။ လစဉ် လျှပ်စစ်သုံးစွဲမှု ခန့်မှန်းယူနစ်မှာ 12500 kWh ခန့်ဖြစ်ပါသည်။ ဝန်ထမ်းအင်အား (၃)ဦးဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူပင်လယ်အော်၊ မဒေးကျွန်းအလယ်တွင် တည်ရှိပါသည်။

(၄) ဒေသမျိုးရင်းမျိုးစိတ်များအား ကာကွယ်ရန် ရေလှောင်တမံဧရိယာအတွင်း အပန်းဖြေလှုပ်ရှားသွားလာမှုများနှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ ချမှတ်ရန်။

(ဃ) **မြေဆီလွှာအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေလှောင်တမံ၏ ရေဝေရေလဲဧရိယာအတွင်း မြေဆီလွှာတိုက်စားခံရမှု လျော့နည်းစေရန် မြက်ပင် သို့မဟုတ် ဒေသမျိုးရင်းအပင်များကို စိုက်ပျိုးရန်၊

(၂) ရေစီးကြောင်းနှင့်အတူ သယ်ဆောင်လာသော အနည်အနှစ်များကို တားဆီးရန်အတွက် အနည်စစ်ကန်(သို့မဟုတ်)သိုလှောင်ကန်များ ထားရှိရန်၊

(၃) ရေလှောင်တမံအတွင်း အနည်ကျမှုအဆင့်များကို ပုံမှန် စောင့်ကြည့်ပြီး လိုအပ်သည့်အခါတွင် အချိန်အခါအလိုက် သောင်တူးရန် (သို့မဟုတ်) အနည်တူးဖော်ရန်၊

(၄) ရေဝေရေလဲဧရိယာအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်များ၊ မြေအသုံးချမှု အနည်းဆုံး ဖြစ်စေရန်နှင့် မြေဆီလွှာထိန်းသိမ်းရေး အစီအမံများအပါအဝင် မြေအသုံးချမှု စီမံခန့်ခွဲခြင်း အလေ့အကျင့်များ ချမှတ်ဆောင်ရွက်ရန်၊

(၅) မြေဆီလွှာထိန်းသိမ်းခြင်း၏ အရေးပါမှုနှင့် ရေလှောင်တမံအပေါ် တိုက်စားမှု၏ အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဒေသခံလူထုအား အသိပညာပေးခြင်းများ ဆောင်ရွက်ရန်။

(င) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဖိုချောင်သုံးနှင့် အိမ်တွင်းအမှိုက်များကို စွန့်ပစ်ရန်အတွက် ရေလှောင်တမံ၏ လုပ်ငန်းခွင်အနီးတွင် လုံလောက်သော အမှိုက်ပုံးများ ထားရှိရန်၊

(၂) မိလ္လာကန်ပါရှိသည့် ယင်လုံအိမ်သာများ ဆောက်လုပ်ရန်၊

(၃) အစီရင်ခံစာပါ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်အတိုင်း စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ထိခိုက်မှုများ လျော့ပါးစေရန် စောင့်ကြပ်ကြည့်ရှုမှုအား ပုံမှန် ဆောင်ရွက်ရန်။

(စ) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေးကို မြှင့်တင်ရန်နှင့် တောရိုင်းတိရစ္ဆာန်များ၏ စားကျက်ကို အထောက်အပံ့ပြုရန် ရေလှောင်တမံ အနီးတစ်ဝိုက်ရှိ ကြားခံဇုန်များတွင် ဒေသမျိုးရင်းသစ်ပင်များကို စိုက်ပျိုးရန်၊

(၂) ရေလှောင်တမံအတွင်း ကျူးကျော်ငါးမျိုးစိတ်များ လွှတ်ပေးခြင်းအား တင်းကြပ်စွာ တားမြစ်ရန်၊

(၃) ဒေသမျိုးရင်းမျိုးစိတ်များအား ကာကွယ်ရန် ရေလှောင်တမံဧရိယာအတွင်း အပန်းဖြေလှုပ်ရှားသွားလာမှုများနှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ ချမှတ်ရန်။

(ဆ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေလှောင်တမံ၏ ရေအရည်အသွေး ကောင်းမွန်စေရေး ပုံမှန် ရေနမူနာကောက်ယူရန်နှင့် စမ်းသပ်ခြင်းဖြင့် ကြိုတင်ကာကွယ် ထိန်းသိမ်းရန်၊

(၂) ရေလှောင်တမံအတွင်းသို့ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများ မစွန့်ပစ်ရန် ဒေသခံပြည်သူများအား အသိပညာပေးခြင်းများ ဆောင်ရွက်ရန်။

(ဇ) **အရေးပေါ်အခြေအနေ တုန့်ပြန်ရေးစီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဝန်ထမ်းများအား အရေးပေါ် တုန့်ပြန်ဆောင်ရွက်မှု သင်တန်းများကို ပို့ချသွားရန်၊

(၂) မီးငြိမ်းသတ်ရေးကိရိယာများနှင့် စနစ်များ မှန်ကန်စွာ လုပ်ဆောင်ကြောင်း သေချာစေရန် ပုံမှန် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၃) စီမံကိန်းအတွင်း ရေလွှမ်းမိုးခြင်း ကြုံတွေ့ရပါက ဝန်ထမ်းများနှင့် လုပ်ငန်းခွင်အတွင်း ရောက်ရှိနေသူများအား သတ်မှတ်ထားသည့် ထိန်းချုပ်အခန်းတွင် စုစည်းရန်နှင့် ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုနည်း(သို့မဟုတ်) ဆေးဝါးကုသမှုဖြင့် ဦးစွာ ကုသရန် ဆောင်ရွက်ရန်၊

(၄) ငလျင်လှုပ်ခြင်းနှင့်စပ်လျဉ်း၍ ငလျင်လှုပ်နေစဉ် အဆောက်အဦအတွင်း၌ ရှိနေပါက စားပွဲခုံ(သို့မဟုတ်) ပရိဘောဂ တစ်ခုခု၏အောက်တွင် အကာအကွယ်ယူ၍ နေရန်နှင့် အကာအကွယ်ယူရန် ပစ္စည်းများရှိပါက အဆောက်အဦ၏ ထောင့်တစ်နေရာတွင် မျက်နှာနှင့် ဦးခေါင်းကို လက်ဖြင့် နေရာယူရန် ဆောင်ရွက်ရန်၊

(၅) အဆောက်အဦ၏ အပြင်ဘက်၌ဆိုပါက အဆောက်အဦများ၊ လုပ်ငန်းခွင်နေရာများ၊ ဓာတ်တိုင်များနှင့် လျှပ်စစ်သွယ်တန်းကြိုးများမှ အဝေးသို့ ရှောင်ရှားရန်နှင့် ငလျင်လှုပ်ခြင်း ပြီးဆုံးသည်အထိ အပြင်ဘက်၌သာ နေရာယူရန် ဆောင်ရွက်ရန်၊

(၆) စီမံကိန်းဆောင်ရွက်သူအနေဖြင့် ဖြစ်ပေါ်ခဲ့သည့် ငလျင်လှုပ်ခတ်မှု၏ ပြင်းထန်မှု ရှိ/မရှိ စစ်ဆေးရန်၊ ပုံမှန် (သို့မဟုတ်) အရေးပေါ်လုပ်ထုံးလုပ်နည်းများဖြင့် ရေလှောင်တမံအား ငြိမ်သက်စေရေး ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အရေးပေါ်တုန့်

ပြန်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန်နှင့် လျှော်ပ်စစ်နှင့်ပတ်သက်၍ သက်ဆိုင်ရာအင်ဂျင်နီယာများနှင့် ညှိနှိုင်းကာ လုပ်ငန်းခွင်အတွင်း စက်ယန္တရားများကို ပိတ်/မပိတ် ဆုံးဖြတ်ရန်နှင့် လိုအပ်ပါက အကြိုပိတ် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၇) အရေးပေါ်အခြေအနေများအတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၊ အရေးပေါ်ဝန်ဆောင်မှုများနှင့် အခြားဆက်စပ်သူများကို အချိန်မီ ဆက်သွယ်နိုင်ရေး ဆောင်ရွက်ထားရှိရန်။

(ဈ) **လူထုချိတ်ဆက် ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်။** လူထုချိတ်ဆက်ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့်ပတ်သက်၍ စီမံကိန်းလုပ်ဆောင်ချက်များနှင့် သက်ဆိုင်သော မည်သည့် အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်းသည့် တိုင်ကြားမှုများကိုမဆို တိုင်ကြားနိုင်သည့် အဖွဲ့အစည်းတစ်ရပ် ထူထောင်ပေးထားရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများအတွက် ရေလှောင်တမံတွင် pH, Total suspended solids, Total Alkalinty, COD, BOD, Turbidity, Iron(Fe), Temperature, Total hardness, Dissolved Oxygen စသည့် Parameters များ၏ ပါဝင်မှုအား တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) စွန့်ပစ်ပစ္စည်းထွက်ရှိမှုအား စီမံကိန်းဧရိယာအတွင်း တစ်ပတ်လျှင်(၁)ကြိမ် စစ်ဆေးရန်၊

(၃) ပတ်ဝန်းကျင်ဆိုင်ရာစစ်ဆေးခြင်းအား စီမံကိန်းဧရိယာအတွင်း တစ်နှစ်လျှင် (၁)ကြိမ် စစ်ဆေးရန်၊

(၄) လုပ်သားများအတွက် ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုခြင်းအား စီမံကိန်းဧရိယာအတွင်း တစ်နှစ်လျှင်(၁)ကြိမ် စီစဉ် ဆောင်ရွက်ရန်။

(ဋ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဌ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို ကတိကဝတ်တွင် ဖော်ပြချက်နှင့်အညီ ဆောင်ရွက်ရမည်။

